# ပိုလီယို ကာကွယ်ဆေး
## *သင် ဘာကို သိထားသင့်ပါသလဲ*

Many Vaccine Information Statements are available in Burmese and other languages. See www.immunize.org/vis

ကာကွယ်ဆေး အချက်အလက် ဖော်ပြချက်များစွာကို မြန်မာဘာသာနှင့် အခြားသော ဘာသာစကားများဖြင့် ရရှိနိုင်ပါသည်။ ကြည့်ရှုရန် www.immunize.org/vis

## 1 အဘယ်ကြောင့် ကာကွယ်ဆေးထိုးရသနည်း။

ကာကွယ်ဆေးထိုးခြင်းသည် လူတို့ကို **ပိုလီယို** မဖြစ်အောင် ကာကွယ်ပေးနိုင်ပါသည်။ ပိုလီယိုသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ရသည့်ရောဂါတစ်ခု ဖြစ်သည်။ လူတစ်ဦးနှင့်တစ်ဦး ထိတွေ့မှုမှတစ်ဆင့် အဓိကအားဖြင့် ကူးစက်ပြန့်နှံ့ပါသည်။ ရောဂါပိုးရှိသူ၏ မစင်နှင့် ထိတွေ့မိသည့် အစားအစာ သို့မဟုတ် အဖျော်ယမကာများ စားသုံးမိခြင်းခြင့်လည်း ထိုရောဂါ ကူးစက်ပြန့်နှံ့နိုင်ပါသည်။

ပိုလီယို ကူးစက်ခံရသူ အများစုတွင် ရောဂါလက္ခဏာ မပြသလို အများအပြားသည် ရောဂါ နောက်ဆက်တွဲပြဿနာများ မရှိဘဲ ပြန်ကောင်းလာပါသည်။ သို့သော် ပိုလီယိုရှိသူများတွင် တစ်ခါတစ်ရံတွင် အကြောသေခြင်း (သူတို့၏ ခြေ၊ လက်များ မလှုပ်နိုင်တော့ခြင်း) ဖြစ်လာပါသည်။ ပိုလီယိုသည် ပြန်မကောင်းတော့သော မသန်စွမ်းမှု ဖြစ်စေနိုင်ပါသည်။ ပိုလီယိုသည် အသက်ရှူရာတွင် အသုံးပြုသည့် ကြွက်သားများ အကြောသေစေခြင်းအားဖြင့် အသက်သေဆုံးမှုကိုလည်း ဖြစ်စေနိုင်ပါသည်။

ပိုလီယိုသည် အမေရိကန်တွင် အလွန်ပင် အဖြစ်များခဲ့ဖူးပါသည်။ ထိုရောဂါသည် ပိုလီယိုကာကွယ်ဆေးကို 1955 ခုနှစ်တွင် မထုတ်လုပ်နိုင်သေးမီက နှစ်စဉ် လူထောင်ပေါင်းများစွာကို အကြောသေစေပြီး အသက်သေဆုံးစေခဲ့ပါသည်။ ပိုလီယို ကူးစက်မှုအတွက် ပျောက်အောင် မကုနိုင်သော်လည်း ကာကွယ်ဆေးဖြင့်မူ ကာကွယ်၍ရပါသည်။

ပိုလီယိုကို အမေရိကန်ပြည်ထောင်စုပြည်ထောင်စုမှ အမြစ်ဖြတ်ဖယ်ရှားထားပြီး ဖြစ်သည်။ သို့သော် ထိုရောဂါသည် ကမ္ဘာ့အချို့နေရာများတွင် ဖြစ်နေပါသေးသည်။ အကယ်၍ ကျွန်ုပ်တို့သည် ကာကွယ်ဆေးဖြင့် မကာကွယ်ထားပါက ပိုလီယို ကူးစက်ခံရပြီး အခြားနိုင်ငံမှ ပြန်လာသည့် လူတစ်ယောက် ရှိရုံမျှနှင့် ဤနိုင်ငံသို့ ရောဂါကို ပြန်သယ်ဆောင်လာနိုင်ပါသည်။ ထိုရောဂါကို ကမ္ဘာပေါ်မှ အမြစ်ဖြတ်ဖယ်ရှားရန် ကြိုးပမ်းမှုသာ အောင်မြင်ပါက ကျွန်ုပ်တို့သည် တစ်ချိန်ချိန်တွင် ပိုလီယိုကာကွယ်ဆေးကို လိုအပ်တော့မည် မဟုတ်ပါ။ ထိုအချိန် မတိုင်မီအထိမူကား ကျွန်ုပ်တို့ကလေးများကို ကာကွယ်ဆေး ဆက်ထိုးပေးရန် လိုပါသည်။

## 2 ပိုလီယို ကာကွယ်ဆေး

အသက်မရှိအောင်လုပ်ထားသော ပိုလီယိုကာကွယ်ဆေး (**IPV**) သည် ပိုလီယိုကို ကာကွယ်နိုင်ပါသည်။

**ကလေးများ**

လူအများစုသည် သူတို့ကလေးဘဝတွင် IPV ဆေးထိုးသင့်ပါသည်။ IPV ဆေးထိုးသည့် အကြိမ်ရေမှာ အသက် 2, 4, 6 လမှ 18 လနှင့်၊ 4 နှစ်မှ 6 နှစ် အရွယ်တွင် ဆေးထိုးလေ့ရှိပါသည်။

ဆေးထိုးချိန်သည် (အချို့နိုင်ငံများသို့ သွားရောက်လည်ပတ်သူများနှင့် IPV ကို စုပေါင်းကာကွယ်ဆေး တစ်ခုအဖြစ် ထိုးနှံထားသူများ အပါအဝင်) အချို့သော ကလေးများအတွက် ကွဲပြားခြားနားနိုင်ပါသည်။ သင့်ကျန်းမာရေး စောင့်ရှောက်သူက နောက်ထပ်အချက်အလက်များ သင့်အား ပေးအပ်နိုင်ပါသည်။

**လူကြီးများ**

လူကြီးအများစုသည် ငယ်စဉ်က ပိုလီယိုကာကွယ်ဆေး ထိုးနှံပြီး ဖြစ်သောကြောင့် IPV ဆေးထိုးရန် မလိုအပ်ပါ။ သို့သော် အောက်ပါတို့ အပါအဝင် ရောဂါဖြစ်နိုင်ခြေ ပိုများသူ လူကြီးအချို့သည် ပိုလီယိုကာကွယ်ဆေး ထိုးရန် ထည့်သွင်းစဉ်းစားသင့်ပါသည်-

- ကမ္ဘာ့အချို့နေရာဒေသများသို့ ခရီးသွားလာသူများ၊
- ပိုလီယိုဗိုင်းရပ်စ်ပိုးကို ကိုင်တွယ်ရနိုင်သော ဓာတ်ခွဲခန်း လုပ်သားများနှင့်၊
- ပိုလီယို ရှိနေနိုင်သော လူနာများကို ကုသရသည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်သားများ။

အဆိုပါ ရောဂါဖြစ်နိုင်ခြေ ပိုများသူ လူကြီးများသည် ယခင်က ဆေးဘယ်နှစ်ကြိမ် ထိုးနှံဖူးသည်ပေါ် မူတည်လျှက် IPV ဆေး 1 ကြိမ်မှ 3 ကြိမ်အထိ ထိုးရန်လိုအပ်နိုင်ပါသည်။

IPV ကို အခြား ကာကွယ်ဆေးများနှင့် တစ်ပြိုင်တည်း ထိုးခြင်းကြောင့် မည်သည့်အန္တရာယ်မျှ မသိရှိထားပါ။

## 3 အချို့သောသူများသည် ဤကာကွယ်ဆေးကို မထိုးသင့်ပါ

အောက်ပါအခြေအနေဆိုလျှင် သင့်အား ကာကွယ်ဆေး ထိုးပေးသူကို ပြောပြပါ-

- **ပြင်းထန်ပြီး အသက်အန္တရာယ်ရှိသော ဓါတ်မတည့်သည့် တုံ့ပြန်မှု ကာကွယ်ဆေး ထိုးမည့်သူထံတွင်ရှိလျှင်၊**
  ယခင်က IPV ဆေး တစ်ကြိမ်ထိုးပြီးနောက် အသက်အန္တရာယ်ရှိသော ဓာတ်မတည့်သည့် တုန့်ပြန်မှု ရှိဖူးလျှင်၊ သို့မဟုတ် ဤကာကွယ်ဆေး၏ တစ်စိတ် တစ်ပိုင်းကြောင့် ပြင်းထန်သော ဓါတ်မတည့်မှုရှိလျှင် သင်သည် ဤကာကွယ်ဆေးကို မထိုးသင့်ကြောင်း အကြံပြုရဖွယ်ရှိသည်။ ကာကွယ်ဆေး အစိတ်အပိုင်းများအကြောင်း သိရှိလိုပါက သင့်ကျန်းမာရေး စောင့်ရှောက်သူကို မေးမြန်းပါ။
- **ကာကွယ်ဆေးထိုးမည့်သူက နေထိုင်မကောင်းလျှင်၊**
  အအေးမိခြင်းကဲ့သို့သော အနည်းငယ် ဖျားနာမှုရှိပါက သင်ယနေ့ပင် ကာကွယ်ဆေးထိုးနိုင်ပါသည်။ သင်က အသင့်အတင့် သို့မဟုတ် ပြင်းထန်စွာ ဖျားနာနေပါက သင်ပြန်လည်ကျန်းမာလာသည်အထိ စောင့်ဆိုင်းသင့်ပါသည်။ သင့်ဆရာဝန်မှ သင့်အား အကြံဉာဏ် ပေးနိုင်ပါသည်။



U.S. Department of Health and Human Services
Centers for Disease Control and Prevention

## 4 ကာကွယ်ဆေး တုံ့ပြန်မှု အန္တရာယ်များ

ကာကွယ်ဆေးများအပါအဝင်၊ မည်သည့်ဆေးဝါးတွင်မဆို ဘေးထွက်ဆိုးကျိုးများ ရှိနိုင်ပါသည်။ ၎င်းတို့သည် များသောအားဖြင့် အနည်းငယ်သာဖြစ်တတ်ပြီး သူ့အလိုလို ပျောက်ကင်း သွားသော်လည်း ပြင်းထန်သော တုံ့ပြန်မှုများလည်း ဖြစ်နိုင်ခြေ ရှိပါသည်။

IPV ဆေးထိုးထားသူ အချို့၌ ဆေးထိုးသည့်နေရာတွင် အနာဖြစ်တတ်ပါသည်။ IPV ဆေးတွင် ပြင်းထန်သော ပြဿနာများ ဖြစ်စေကြောင်း မသိရှိထားသလို ဆေးထိုးထားသူ အများစုတွင် ၎င်းဆေးကြောင့် မည်သည့် ပြဿနာမျှ မဖြစ်ပေါ်ပါ။

**ဤကာကွယ်ဆေးထိုးပြီးနောက် ဖြစ်ပေါ်နိုင်သည့် အခြားပြဿနာများမှာ-**

- ကာကွယ်ဆေးထိုးခြင်း အပါအဝင် ဆေးဝါးကုသမှုများအပြီးတွင် လူတို့သည် တစ်ခါတစ်ရံတွင် မူးလဲ တတ်ပါသည်။ မူးလဲခြင်းနှင့် လဲကျခြင်းကြောင့် ဒဏ်ရာရရှိခြင်းတို့ မဖြစ်အောင် 15 မိနစ်ခန့် ထိုင်နေခြင်း သို့မဟုတ် လဲလျောင်းနေခြင်းဖြင့် ကာကွယ်နိုင်ပါသည်။ သင် မူးဝေပါက သို့မဟုတ် အမြင်အာရုံ ပြောင်းလဲပါက သို့မဟုတ် နားအူနေပါက သင့်ဆရာဝန်အား ပြောပြပါ။
- အချို့သူများသည် ပိုမိုပြင်းထန်သော ပခုံးနာကျင်မှုကို ခံစားရပြီး ယင်းမှာ ဆေးထိုးပြီးနောက် ပုံမှန်နာကျင်မှုထက် ပိုမိုရှည်ကြာတတ်သည်။ ဤသည်မှာ အလွန်ရှားပါသည်။
- မည်သည့်ဆေးဝါးမဆို ပြင်းထန်သော ဓာတ်မတည့်သည့် တုံ့ပြန်မှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။ ကာကွယ်ဆေးကြောင့် တုံ့ပြန်မှုများသည် အလွန်ရှားပါးပြီး၊ ဆေးထိုးသည့် ပမာဏ အကြိမ်ရေ တစ်သန်းတွင် 1 ကြိမ်ခန့်သာ ရှိသည်ဟု ခန့်မှန်းရပြီး၊ ကာကွယ်ဆေး ထိုးပြီးနောက် မိနစ်အနည်းငယ်မှ နာရီအနည်းငယ်အတွင်း ဖြစ်ပေါ်တတ်ပါသည်။

မည်သည့်ဆေးဝါးမဆို ကာကွယ်ဆေးကြောင့် ပြင်းထန်သော ဒဏ်ရာ သို့မဟုတ် သေဆုံးခြင်းတို့ ဖြစ်နိုင်ခြေမှာ အလှမ်းဝေးလှပါသည်။

ကာကွယ်ဆေးများ၏ ဘေးကင်းလုံခြုံမှုကို အမြဲ စောင့်ကြည့်လေ့လာ နေပါသည်။ ပိုမိုသိရှိရန်အတွက်- **www.cdc.gov/vaccinesafety/** သို့သွားပါ။

## 5 အကယ်၍ ပြင်းထန်သော တုံ့ပြန်မှု ဖြစ်လာလျှင် ဘာလုပ်ရမလဲ။

**ဘာကို စောင့်ကြည့် သတိပြု သင့်သလဲ။**

- ပြင်းထန်သော ဓာတ်မတည့်သည့် တုံ့ပြန်မှု၊ ကိုယ်ပူချိန် အလွန်မြင့်ခြင်း သို့မဟုတ် ထူးခြားသည့် အပြုအမူများ စသည့် ရောဂါလက္ခဏာများကဲ့သို့ သင်စိုးရိမ်မိသည့် မည်သည့်အကြောင်းအရာမဆို သတိပြုပါ။

  **ပြင်းထန်သော ဓာတ်မတည့်သည့် တုံ့ပြန်မှုများ** ဖြစ်သည့် ရောဂါလက္ခဏာများ ထဲတွင် အင်ပျဉ်များ၊ မျက်နှာနှင့် လည်ချောင်း ရောင်ခြင်း၊ အသက်ရှူရခက်ခြင်း၊ နှလုံးခုန် မြန်ခြင်း၊ မူးဝေခြင်းနှင့် အားနည်းခြင်းတို့ ပါဝင်နိုင်ပါသည်။ ယင်းတို့သည် ကာကွယ်ဆေး ထိုးပြီးနောက် မိနစ်အနည်းငယ်မှ နာရီအနည်းငယ်အတွင်း ဖြစ်ပေါ်တတ်ပါသည်။

**ကျွန်ုပ်ဘာလုပ်သင့်သလဲ။**

- ဤသည်မှာ **ပြင်းထန်သော ဓါတ်မတည့်သည့် တုံ့ပြန်မှု** သို့မဟုတ် အချိန်ဆွဲ၍မရသော အရေးပေါ်အခြေအနေဟု သင်ထင်ခဲ့ပါက 9-1-1 သို့ ခေါ်ဆိုပါ သို့မဟုတ် အနီးဆုံး ဆေးရုံသို့ သွားပါ။ ထိုသို့မဟုတ်ပါက သင့်ဆေးခန်းကို ဖုန်းဆက်ပါ။

  ထို့နောက် ထိုဓါတ်မတည့်သည့် တုံ့ပြန်မှုကို Vaccine Adverse Event Reporting System (VAERS) (ကာကွယ်ဆေး၏ ဘေးထွက်ဆိုးကျိုး တိုင်ကြားရန် စနစ်) သို့ တိုင်ကြားသင့်ပါသည်။ သင့်ဆရာဝန်သည် ဤအစီရင်ခံစာကို ဖိုင်တွဲထားပါမည်၊ သို့မဟုတ် သင်ကိုယ်တိုင် VAERS ဝက်ဘ်ဆိုက် **www.vaers.hhs.gov** မှတစ်ဆင့် သို့မဟုတ် **1-800-822-7967** သို့ ခေါ်ဆို ခြင်းအားဖြင့် တင်ပြနိုင်ပါသည်။

*VAERS သည် ဆေးကုသမှုဆိုင်ရာ အကြံပေးခြင်းများ မပြုလုပ်ပါ။*

## 6 ကာကွယ်ဆေးကြောင့် ဒဏ်ရာရရှိမှု လျော်ကြေးပေးရေး တစ်နိုင်ငံလုံး အစီအစဉ်

National Vaccine Injury Compensation Program (VICP) (ကာကွယ်ဆေးကြောင့် ဒဏ်ရာရရှိမှု လျော်ကြေးပေးရေး တစ်နိုင်ငံလုံး အစီအစဉ်) သည် ကာကွယ်ဆေးတစ်ခုခုကြောင့် ဒဏ်ရာရရှိသူအား လျော်ကြေးပေးရန် တည်ထောင်ထားသော ပြည်ထောင်စုအစိုးရ အစီအစဉ်တစ်ခု ဖြစ်ပါသည်။

ကာကွယ်ဆေးကြောင့် ဒဏ်ရာရရှိမှု ဖြစ်ပေါ်သည်ဟု ယုံကြည်ရသူများသည် ဤအစီအစဉ်အကြောင်းနှင့် တိုင်ကြားမှု ဖိုင်တွဲတင်ပြခြင်းအကြောင်းများ အတွက် **1-800-338-2382** သို့ ခေါ်ဆိုနိုင်ပါသည် သို့မဟုတ် VICP ဝက်ဘ်ဆိုက် **www.hrsa.gov/vaccinecompensation** သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ လျော်ကြေးတောင်းဆိုရန်အတွက် အချိန်အကန့်အသတ် ရှိပါသည်။

## 7 ထပ်မံသိရှိရန် မည်သို့လေ့လာနိုင်သနည်း။

- သင့်ကျန်းမာရေး စောင့်ရှောက်သူထံ မေးမြန်းပါ။ ကာကွယ်ဆေးအကြောင်း လမ်းညွှန်စာရွက် သို့မဟုတ် အခြားသော ကိုးကားရန် အချက်အလက်များကို ထိုသူတို့က သင့်အား ပေးနိုင်ပါသည်။
- သင့်ဆရာဝန် သို့မဟုတ် ပြည်နယ် ကျန်းမာရေးဌာနသို့ ခေါ်ဆိုပါ။
- Centers for Disease Control and Prevention (CDC) (ရောဂါထိန်းချုပ် ကာကွယ်ရေးစင်တာ)-
  - **1-800-232-4636** သို့ ခေါ်ဆိုပါ (**1-800-CDC-INFO**) သို့မဟုတ်
  - CDC ဝက်ဘ်ဆိုက် **www.cdc.gov/vaccines** သို့ ဝင်ရောက်ကြည့်ရှုပါ။

Vaccine Information Statement
Polio Vaccine

7/20/2016 Burmese

42 U.S.C. § 300aa-26

Office Use Only

Translation provided by the Immunization Action Coalition